၁၄။ လျှောက်ထားသူသည် အချက်အလက်အားလုံး ပြည့်စုံစွာဖော်ပြပြီးနောက် သင်တန်းလျှောက်ထားခွင့်ကို ရေးသားပြီး ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြရမည်၊

၁၅။ လျှောက်ထားသူ၏ လျှောက်လွှာပါအချက်အလက်များ မှန်ကန်ကြောင်းကို သက်ဆိုင်ရာအကြီးအကဲ၏ထောက်ခံချက်၊ သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်၊

၁၆။ **သက်ဆိုင်ရာဌာနအကြီးအကဲမှတဆင့် လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ၊**

၁၇။ လျှောက်လွှာပိတ်ရက်။

လျှောက်လွှာများကို "ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်"သို့ လိပ်မူ၍ **(၁၈-၅-၂၀၁၈)ရက်နေ့၊ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။**

၁၈။ အရည်အချင်းစစ်စာမေးပွဲ၊

သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသူများသည် (၂၃-၅-၂၀၁၈)ရက်နေ့တွင် ကျင်းပမည့် **အရည်အချင်းစစ်နှုတ်ဖြေစာမေးပွဲကို "ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်"**တွင် ဖြေဆိုရမည်ဖြစ်ပါသည်၊

၁၉။ လူတွေ့အရည်အချင်းစစ် နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသူများ၏စာရင်းကို (၂၁-၅-၂၀၁၈) ရက်နေ့တွင် "ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန" ရှိ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားမည်ဖြစ်ပါသည်၊

၂၀။ လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့် ကဒ်ပြားများကို (၂၂-၅-၂၀၁၈)ရက်နေ့တွင် ဆေးပညာသင်ကြားရေး/ပညာပေးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်၊

<u>မှတ်ချက်။</u>

- လျှောက်လွှာပိတ်ရက်နောက်ပိုင်းမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ၊
- စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဘွဲ့လက်မှတ်မူရင်းများကို တင်ပြရပါမည်၊
- သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းမတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်မထမ်းဆောင်လျှင်သော်လည်းကောင်း၊ ဒီပလိုမာသင်တန်းအတွက် သတ်မှတ်ထားသော လျော်ကြေးငွေကျပ်(၁၅)သိန်းတိတိ ပေးလျော်ရမည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်ဖြစ်ပါသည်၊